ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖေါ်ထုတ်ရေးကော်မတီ

P. O Box 144 Mae Sot Tak 63110 Thailand Tel (66) 07 2109554, (66) 07 8492621 Email: ccrpaburma@csloxinfo.com

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုဆန္ဒသဘောထားဖေါ်ထုတ်ရေးဆွေးနွေးပွဲ အမှတ်စဉ်(၂)
# သတင်းထုတ်ပြန်ချက်

အောက်တိုဘာလ (၁၁) ရက်

မြန်မာနိုင်ငံရှေ့နေများကောင်စီ **(BLC)** နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) **(NLD-LA)** တို့ ပူးပေါင်းဖွဲ့စည်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒသဘောထား ဖေါ်ထုတ်ရေးကော်မီတီ **(CCRPA)**သည် ဒုတိယအကြိမ်မြောက်လူထု ဆန္ဒဖေါ်ထုတ်ရေး ဆွေးနွေးပွဲတခုကို ထိုင်း– မြန်မာနယ်စပ် တနေရာ၌ ၁၀၊ ၁၀၊ ၀၄ နေ့တွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား (၃၀)ကျော်တက်ရောက်ခဲ့ပြီး သဘာပတိအဖြစ် ခရမ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်မှ ဆောင်ရွက်ခဲ့ပါသည်။ သဘာပတိမှ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒသဘောထားဖော်ထုတ်ရေး ကော်မတီ ပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်စေရန်အတွက် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုသည်အရေးကြီးကြောင်း စသဖြင့် ရှင်းလင်းပြောဆိုခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ရွှေ့ပြောင်းအလုပ်သမားများမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြံပြုမှုများ ပြုလုပ်လာနိုင်ရေးအတွက် လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိမြင်မှုများ တိုးပွားလာရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးရာဗဟုသုတများအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမိတ်ဆက်၊ လူ့အခွင့်အရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ၊ အသက်ရှင်ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်သော အသင်းအဖွဲ့များ ဖွဲ့စည်းပိုင်ခွင့်၊ အလုပ်သမားများအခွင့်အရေး စသည်ဘာသာရပ်တို့ကို ကော်မီတီ၏ လုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားတိုင်းပါဝင်ရမည်ဖြစ်ပြီး နိုင်ငံသားတို့၏ အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှ အာမခံချက်ပေးထားရမည်ဖြစ်သည်ဟု ဆွေးနွေးသူများမှ တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဦးဆောင်ဆွေးနွေးသူများထဲမှ တဦးဖြစ်သော လူထုအစည်းအဝေးများကျင်းပရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ဦးထွန်းထွန်းမှ “ကျနော်တို့ မြန်မာနိုင်ငံမှာ အသက်ရှင်ရပ်တည်ပိုင်ခွင့်မရှိဘူး၊ သမိုင်းစဉ်အဆက်ဆက်က တရားမဝင်သတ်ဖြတ်မှုတွေ ရှိခဲ့တယ်၊ ဥပမာအားဖြင့် ၁၉၆၂ ခုနှစ်မှာ စစ်အစိုးရက ကျောင်းသားတွေကို အစုလိုက်အပြုံလိုက် သတ်ခဲ့တယ်။ နောက်ပိုင်းမှာ လည်း ဆက်တိုက်သတ်ဖြတ်ခဲ့တယ်။ ၁၉၈၈ ခုနှစ်မှာလည်း ထောင်ပေါင်းများစွာသော ပြည်သူတွေ အသတ်ခံခဲ့ရပါတယ်။ အခုနောက်ပိုင်းမှာဆိုလို့ရှိရင် တိုင်းရင်းသားဒေသတွေမှာ သတ်ဖြတ်မှုတွေဟာ အင်မတန်များပြားလှပါတယ်။ စစ်အစိုးရဟာ လူသတ်ခွင့်လိုင်စင်ကို ရထားသလိုမျိုး ပစ်သတ်နေတဲ့အတွက် မြန်မာနိုင်ငံမှာ အသက်ရှင်ရပ်တည်ပိုင်ခွင့်ဟာ လုံးဝအာမခံချက်မရှိပါဘူး”ဟု ရှင်းလင်းပြော ဆိုသွားခဲ့ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများမှလည်း မိမိတို့ကိုယ်တိုင် မြန်မာနိုင်ငံတွင်း ကြုံတွေ့နေရသော အခက်အခဲများ ထိုင်းနိုင်ငံ၌ လာရောက်နေထိုင်နေစဉ် ဖြစ်ပျက်နေသော အကြောင်းအရာများကို ရှင်းလင်းပြောဆို ဆွေးနွေးခဲ့ပါသည်။ အလုပ်သမားများမှ အနာဂတ် မြန်မာနိုင်ငံမှာ နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းပိုင်ခွင့်၊ လုံခြုံမှုအခွင့်အရေးများ၊ ပညာသင်ကြားခွင့်၊ လွတ်လပ်စွာစီးပွားရှာပိုင်ခွင့်၊ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့်၊ အခြေခံအခွင့်အရေးများ ရပိုင်ခွင့်တွေကို ထည့်သွင်း၍ ပြဋ္ဌာန်းပေးစေချင်ကြောင်း တင်ပြပြောဆိုသွားခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများနှင့် အလုပ်သများများမှ မိမိတို့၏ အမြင်များကို ပွင့်ပွင့်လင်းလင်း ဖလှယ်ကြပြီး ဆွေးနွေးပွဲကို ညနေ ၂ နာရီတွင် အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖေါ်ထုတ်ရေးကော်မီတီ (CCRPA)